AUNG MYIN PUBLISHING

# လွန်းထားထား

(ဆေးတက္ကသိုလ်)



# ပျောက်ကျားတို့ရဲ့အချစ်...



# လွန်းထားထား
(ဆေးတက္ကသိုလ်)

# ယောကျ်ားတို့ရဲ့အချစ်...

## (၈)

သူမတို့သူငယ်ချင်းသုံးယောက် ပြန်ဆုံချိန်မှာ ပြောဖြစ်တဲ့အကြောင်းအရာကတော့ သူမတို့ရဲ့ ယောကျ်ားများအကြောင်းပဲ ဖြစ်ပါတယ်။ ဘယ်သူမှ မကွယ်ဝှက်ကြေး၊ ဟန်မဆောင်ကြေး၊ အကြွားမသန်ကြေး ပြောဖြစ်ကြတယ် ဆိုပါတော့....။

သူမတို့သုံးယောက်ဟာ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာကိုး....။

ဟိုးငယ်စဉ် သူငယ်ချင်းတွေဘဝမှာတုန်းကတော့ သူမတို့ဟာ ချစ်သူရည်းစားချင်း ပြိုင်ဆိုင်ခဲ့ဖူးကြပါရဲ့...။ ကိုယ့်ချစ်သူကတော့ ကိုယ့်ကို ဘယ်လောက်ချစ်...၊ ဘယ်လောက် ဂရုစိုက် အလိုလိုက်ကြောင်း လုပ်ကြံလီဆယ်ဇာချဲ့ပြီး ကြွားမဆုံးရှိခဲ့တာပေါ့...။

အခုတော့ အရွယ်ကလေးတွေလည်း ရခဲ့ပြီမို့ ရင့်ကျက်ခဲ့ကြပြီဖြစ်သလို...ယောကျ်ားတို့ရဲ့အချစ် ဆိုတာကိုလည်း တော်တော်သိမြင်ခဲ့ပြီလေ။

အဝင်းက ပထမဆုံး ရယ်တစ်ဝက် မဲ့တစ်ဝက် မျက်နှာထားဖြင့် ပြောခဲ့ပုံက ....

“ကျွန်မယောကျ်ားရဲ့ အချစ်ကတော့လားရှင်...အံ့ပါရဲ့လို့ပဲ ရင်ဘတ်ဖိပြီး ညည်းလိုက်ချင်တော့တယ်...၊ နှစ်ယောက်တွဲသွားရင် သူ့လောက် မိန်းမကိုချစ်ပြနိုင်တာ...ဂရုစိုက်နိုင်တာမရှိတော့ဘူး၊ လူတွေကတော့ ကျွန်မတို့ရဲ့အချစ်ကို စံပြအချစ်လို့ သတ်မှတ်ကြမယ်...အားကျကြမယ်၊ သူက အရမ်းဂရုစိုက်တာကိုး...၊ လူတွေရှေ့ရောက်ရင် ပုခုံးလေးဖက်လိုက်...လက်ကလေးကိုင်လိုက်...ရွှန်းရွှန်းစားစား စိုက်ကြည့်လိုက်နဲ့ သူ့လောက်ချစ်တတ်တဲ့ခင်ပွန်း မရှိတော့ဘူး...၊ ကျွန်မလောက် ကံကောင်းတဲ့ မိန်းမ မရှိတော့ဘူး၊ မိန်းမကို ရှေ့တန်းတင် ယုယကြင်နာပြ

လိုက်ရတာ အမော....

ကျွန်မကို အတော်လည်းဂရုစိုက်ပါတယ်၊ ကျွန်မရဲ့ မွေးနေ့ကို ကျွန်မကသာ မေ့ချင်မေ့မယ် သူက မမေ့ဘူးဆရာ၊ နိုင်ငံခြားခဏရောက်နေတာတောင် သူ့သူငယ်ချင်းတစ်ယောက် ကို ဖုန်းဆက်ပြီး ကျွန်မကို surprise လုပ်တတ်တဲ့လူရှင့်...၊ မနက် အစောကြီး သူ့သူငယ်ချင်းက အိမ်တံခါးလာခေါက်ပြီး ဧရာမ မွေးနေ့ကိတ်ကြီးနဲ့ မွေးနေ့လက်ဆောင်လာပို့ပေးတယ်၊ ကိုညီ ပေးခိုင်းတာတဲ့...ခင်ဗျားယောက်ျားက ခင်ဗျားကို သိပ်ချစ်တာ တဲ့..."

"အင်းလေ...အဲဒီလောက်ချစ်တတ်တာပဲ ရှင်ကဘာလို့ မကျေနပ် မရောင့်ရဲနိုင်ရတာတုန်း..."

"anniversary ဆိုလည်း သူမမေ့ပါဘူး၊ ကဒ်ပေးတုန်း... အံ့သြရတဲ့လက်ဆောင်တွေ ပေးဆဲပါပဲ၊ ဒါပေမယ့် ရှင်တို့ မသိ ဘူးနော်...၊ သူက ရုပ်ဖြောင့်တဲ့ယောက်ျားတစ်ယောက်ဖြစ်တော့ ခရီးသွားလေရာမှာ လူပျိုယောင်ဆောင်တတ်တာ သူ့ရဲ့မဟာ အကျင့်ဆိုးပဲ၊ မိန်းမတွေက သူ့ကို အိမ်ထောင်သည်မှန်းမသိတော့ ကြိုက်ကြ၊ ဇာတ်လမ်းတွေဖြစ်ကြ...ကြူကြ...ညကြ...ခရာကြ ပေါ့ပဲ...

ရောက်လေရာမှာ သူက ချစ်သူတွေ့တယ်...၊ အဲဒါကို

ကျွန်မ ဘယ်လိုလုပ်ခွင့်လွှတ်ချင်ပါ့မလဲ၊ သူက သိပ်ချစ်ပြတတ်... ယုယကြင်နာပြတတ်တာကိုး၊ သူ့ကိုမြင်လိုက်ရင် ပြုံးပြုံးပြုံးပြုံး နဲ့...မျက်နှာထားက သိပ်ချိုတာ၊ ဘေးမှာ ကျွန်မပေါ်လျက်နဲ့တောင် မိန်းကလေးမိတ်ဆွေတွေ အများကြီးပဲတော်..."

အဝင်းက မျက်ရည်ကလေးတဝဲဝဲနဲ့ ပြောတဲ့အခါ သူမတို့ သက်ပြင်းခိုးရှိုက်မိပါတယ်။ ဟုတ်ပါ့...အဲဒီလောက် အချစ်သန်တဲ့ ယောကျ်ားတစ်ယောက်ကျတော့လည်း သည်းမခံချင်စရာပဲနော်။



(ခ)

အကြွေက ...

"စုပုပ်ပုပ်၊ ဟောက်ဟိန်းဟိန်းနဲ့...လူကို တစ်ချိန်လုံး ငေါက်ငန်းနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကိုရော ရှင်တို့ ဘယ်လိုလုပ်ကြမလဲ...

ကျွန်မယောက်ျားရဲ့မျက်နှာကို ရှင်တို့ မြင်ဖူးကြတယ် မဟုတ်လား၊ ရုပ်က အမြဲတမ်း မျက်နှာရှစ်ခေါက်ချိုးထားတာ၊ ချစ်သူဘဝကတော့...ဪ...သူဟာ ရုပ်တည်တယ် ကြွန်ရေ တယ်၊ ကျွန်မကလွဲရင် ဘယ်မိန်းမကိုမှ မိန်းမမထင်ရှာဘူး၊ အပေါက်ဆိုးပေမယ့် စိတ်ထားကောင်းဖို့က အရေးကြီးတယ်ဆိုပြီး လက်ထပ်ခဲ့ကာမှ..."

"မှားရောလား..."

အကြွေက ပုခုံးလေးတွန့်ပြီး ရယ်မောပါတယ်။

"လူက အမြဲလန့်နေရတာပေါ့၊ သူက အမြဲဟောက်စား လုပ်နေတာကိုး၊ ဟိုဟာလုပ် လုပ်ပြန်ပြီ၊ စား...စားပြန်ပြီ၊ သွား... သွားပြန်ပြီနဲ့ အမြဲအပြစ်ရှာနေတော့...ကြာတော့ လူက နေစရာမရှိ တော့ဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုလည်းမရှိတော့ ဘူး...

ငါ ဘာများအပြစ်တင်ခံရမလဲ၊ အပြောခံရမလဲ ဆိုတာ ကိုပဲ ကြောက်နေရတော့...ကြာတော့ လူက အငုံ့စိတ်ဝင်လာ တယ်...

သူက ကျွန်မအတွက် အစစအရာရာတော့ လုပ်ပေးပါရဲ့၊ တစ်ခါတစ်လေ သူ့ဘာသာသူ ထမင်းဟင်းချက်တယ်...အိမ် သန့်ရှင်းရေးလုပ်တယ်၊ ကျွန်မလိုအပ်တာမှန်သမျှကိုလည်း သူက

မသိမသာ ဖြည့်ဆည်းပေးတယ်၊ ကလေးကျောင်းကြိုတာလည်း သူပဲ...ဈေးဝယ်လည်းသူ၊ သူ့စိတ်ကြိုက် အားလုံးစီမံတယ်...

ဒါပေမယ့် ကျွန်မကို လူရှေ့သူရှေ့ရောက်ရင် ဘာမှ သုံးစားလို့မရတဲ့ မိန်းမဖျင်း မိန်းမပျင်းတစ်ယောက်လို ရန်လုပ် အပြစ်ရှာတတ်ပြန်ရော...၊ ကဲ...ကျွန်မ ဘယ်လိုနေရမလဲ”

“အင်းလေ...ရှင့်ယောကျ်ားက ဘာဖြစ်ချင်တာမှန်းလည်း မသိ၊ သူချစ်ပုံက တစ်မျိုးပါလား...”

သူမတို့ အံ့သြစွာရေရွတ်မိကြပြန်ပါတယ်။

“အဲဒါပြောတာပေါ့၊ မချစ်ဘူးလားဆိုတော့လည်း မဟုတ် ပြန်ဘူး..ချစ်တယ်၊ ဒါပေမယ့် သူချစ်တာကို လူသိအောင်မပြဘူး၊ ပြရမှာ ဝန်လေးတော့ အပြစ်ရှာ...ဆူပူဟောက်ဟိန်းတာနဲ့ ဖုံးအုပ် ထားတာမျိုး၊ ကြာတော့လည်း ဘယ်သူကခံနိုင်တော့မလဲဟယ်”

“အင်း...အဲဒီလိုယောကျ်ားတစ်ယောက်ရဲ့အချစ်ကို ခံယူရ တာကလည်း ဒုက္ခပဲနော်...”

သူမတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်မိကြပြန်ပါတယ်။ ယောကျ်ားတွေဟာ ဘယ်လိုပါလိမ့်...။

အကြည်ကတော့ လက်ကလေးတခါခါနဲ့...

“ဘယ်လိုပဲဖြစ်ဖြစ် ရှင်တို့တွေ ကျွန်မလောက်တော့ ကံ မဆိုးကြသေးပါဘူး” လို့ ဆိုတဲ့အခါ သူမတို့က တအံ့တသြ

မျက်ခုံးတွေပင့်ပြီး...

"ရှင်ကရော ဘယ်လို ညည်းချင်းထုတ်ဦးမလို့တုန်း..." လို့ မေးမိကြပါတယ်။




## (၈)

အကြည်က...

"ကျွန်မကတော့ သူ့ကို ရိုးတယ်အေးတယ်ဆိုပြီး... လက်ထပ်ခဲ့မိတာလေ၊ အမလေး...အိမ်ထောင်သက်ရလေလေ ကျွန်မမှာ ပျင်းရလေလေ၊ တစ်ခါတစ်လေ တစ်နေ့လုံးနေလို့ ကျွန်မတို့နှစ်ယောက် စကားမပြောဖြစ်ကြဘူးဆိုရင်...ရှင်တို့ ယုံပါ့ မလားဟင်....

သူ့အအေးပုံက အနေသလိုပဲ၊ စာအုပ်တစ်အုပ် ဖတ်နေရရင် သူ့အတွက်ပြည့်စုံပြီး၊ ဘာနဲ့ကျွေးကျွေး မကြိုက်ဘူးဆိုတာလည်း မရှိဘူး၊ တစ်ခါတစ်လေ ထမင်းအသိုးကျွေးမိရင်လည်း စိတ်ဆိုးတာ...ဒေါသထွက်တာ မရှိဘူး၊ ဘာမှမပြောဘဲ ထမင်းဝိုင်းကထ သွားတာပဲ ရှိမယ်၊ အဲဒီလောက် စကားလုံးချွေတာတဲ့ ယောက်ျားရှင့်...၊ သူ့စိတ်ထဲ ဘာဖြစ်နေတယ်ဆိုတာ ကျွန်မ ဘယ်တော့မှ သိခွင့်မရဘူး၊ သူက ပိတ်ထားတဲ့တံခါးကြီးတစ်ချပ်လိုပဲ...၊ တစ်ခါတစ်လေ ပုခုံးကနေကိုင်ပြီး နံရံနဲ့ဆောင့်ဆောင့်ပစ်ချင်တယ်... တုံးဇာတိဘာဝကြီးနဲ့လေ...

ကြာတော့ ကျွန်မမှာ စကားတွေသိပ်ပြောချင်လာလို့ သူ့ကို ဇွတ်ပြောပေမယ့်လည်း သူ့ဆီက ဘာတုံ့ပြန်မှုမှမလာဘူး၊ ငြိမ်ငြိမ်ကြီးထိုင်နားထောင်၊ ခေါင်းညိတ်ခေါင်းခါကလွဲပြီး ဘာမှ ပြန်မရဘူး၊ ကျွန်မ တကယ်ပျင်းလာတယ်ရှင်... ”

အကြည့်စကားအဆုံးမှာ သူမတို့အားလုံး အရယ်သန်သန်နဲ့ ရယ်မောမိကြပါတယ်။

“အမလေး...ယောက်ျားတွေရဲ့အချစ်ကလည်း တစ်ယောက်တစ်မျိုးပါပဲလားနော်၊ ချစ်သူဘဝက အကောင်းလို့ထင်တဲ့ အရာတွေဟာ အိမ်ထောင်သည်ဘဝမှာ ကြီးမားတဲ့ ချို့ယွင်းချက်ကြီး ဖြစ်လာလိမ့်မယ်လို့ ကျွန်မတို့ မထင်ခဲ့မိကြတာပဲနော်...”

AUNG MYIN PUBLISHING

"ဟုတ်တယ်...သည်းမခံနိုင်ဆုံး ဖြစ်လာတာက ကျွန်မတို့ သူတို့ဆီမှာ မက်မောငြိတွယ်ခဲ့မိဖူးတဲ့ စရိုက်တွေပဲ..."

အဲဒီအချက်ကို သူမတို့သုံးယောက်စလုံး အခုမှပဲ သိမြင်ခဲ့ကြတယ်လေ။ ယောက်ျားတစ်ယောက်နဲ့ အိမ်ထောင်ပြုတယ်ဆိုတာ...အလှပဆုံးပါကင်ထုပ်ထားတဲ့ အထဲမှာဘာရှိနေမှန်းကြိုတင်မမှန်းဆနိုင်တဲ့ မမြင်ရတဲ့အရာတစ်ခုကို ရဲရဲဝံ့ဝံ့...စွန့်စွန့်စားစား လက်ခံရယူလိုက်ရခြင်းမျိုးပါလားကွယ်....။



# လွှန်းထားထား

(ဆေးတက္ကသိုလ်)

April-2004

AUNG MYIN PUBLISHING


လွမ်းထားထား
(ဆေးတက္ကသိုလ်)
မီးလျှံထက်က...နှင်းဆီ

ထွက်ပြီ



ကျွန်မ ကျိန်ဆိုခဲ့မယ် မောင် . . .

ဒီဘဝမှာ

ကျွန်မဘက်က ရင်နင့်အမျှ ချစ်ခဲ့ရသလောက်

မောင် ကျွန်မကို ပြန်မချစ်ခဲ့ရင် . . .

ကျွန်မဘက်က တစ်ဘဝစာ သစ္စာရှိခဲ့သလောက်

မောင် ကျွန်မအပေါ် သစ္စာမရှိခဲ့ရင် . . .

ကျွန်မဘက်က ပေးဆပ်ရှုံးနိမ့်ခဲ့ရသလောက်

မောင် ကျွန်မအပေါ် မိုလ်ကျအနိုင်ယူခဲ့ရင် . . .

ဘဝဆက်တိုင်း

မောင်နဲ့ ပြန်ဆုံခွင့်ရတိုင်း

မောင့်အပေါ် ကျွန်မ အနိုင်ယူခွင့်ရပါစေသား . . .

# ဂန္ထဝင်အငြိုး

## လွှန်းထားထား
(ဆေးတက္ကသိုလ်)

ထွက်ပြီ

# လွှမ်းထားထား

(ဆေးတက္ကသိုလ်)

## အဆိပ်

တစ်ချို့သော အဆိပ်တွေဟာ
အဆိပ်လို့မထင်ရအောင်
အရောင်အသွေး အနံ့အရသာမျိုးစုံဖြင့်
သွေးဆောင်ဖြားယောင်း ခြယ်လှယ်တတ်ကြပါရဲ့



# ခရမ်းပြာ လက်တစ်စုံနဲ့ ငြိမ်းချမ်းခွင့်ရသော နေ့ရက်များ

နေသွင်




Nay Thwin

AUNG MYIN PUBLISHING HOUSE

AUNG MYIN PUBLISHING HOUSE

# ခရမ်းပြာ လက်တစ်စုံနဲ့ ငွေခြည်ဝင်းဝေသော နေ့ရက်များ

နှင့်ကိုပဲ အပ်ချမတ်ချ ချစ်တော့မယ်လို့ ဆုံးဖြတ်လိုက်မှ
နှင်က.....
မဆွတ်ခင်က ညွှတ်ပြနေတာ...
ငါမဟုတ်တဲ့...တစ်ခြားတစ်ယောက်ဆီမှာ.....။



နေသွင်